# NEWSLETTER

## MYANMAR GARMENT MANUFACTURERS ASSOCIATION

MGMA NEWSLETTER April 2018

NEWS

## အနည်းဆုံး အခကြေးငွေ အမိန့်ကြော်ငြာစာ ထွက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ
(အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၈)
၁၃၈၀ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်
(၂၀၁၈ ခုနှစ်၊ မေ လ ၁၄ ရက်)

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီသည် ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (င) နှင့်(ဓ) တို့ပါ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အနည်းဆုံးအခကြေးငွေနှုန်းထား ပြင်ဆင်သတ်မှတ်သည့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂၀၁၈ ခုနှစ်၊ မတ်လ (၅) ရက်နေ့၊ အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသား ကော်မတီ အစည်းအဝေးတွင် အတည်ပြုခဲ့သည့် အနည်းဆုံး အခကြေးငွေ နှုန်းထား (၁) ရက် (အလုပ်ချိန် ၈ နာရီ) အတွက် ၄၈၀၀/- ကျပ် ကို ပြည်ထောင်စု အစိုးရ၏ ခွင့်ပြုချက်ဖြင့် အမိန့် ကြော်ငြာစာ ထုတ်ပြန်ရန် ၂ လကျော် ကြံ့ကြာ နေခဲ့ပြီးနောက် မေလ (၁၄) ရက်၊ တနင်္လာနေ့တွင် အမျိုးသားကော်မတီက အမိန့် ကြော်ငြာစာ အမှတ် (၂/ ၂၀၁၈) ကိုထုတ်ပြန်ခဲ့သည်။ အမိန့်ကြော်ငြာစာ တွင် "မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစား မခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီ တစ်နာရီလျှင် ၆၀၀ ကျပ် (ခြောက်ရာကျပ်) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်) အတွက် ၄၈၀၀ ကျပ် (လေးထောင့်ရှစ်ရာကျပ်) ကို ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ယနေ့ထုတ်ပြန်သည့်နေ့မှစ၍ သတ်မှတ်လိုက်သည်" ဟု ဖော်ပြထားသည့် အပြင် "ဤသတ်မှတ်ချက်သည် အလုပ်သမား ၁၀ ဦးအောက်ရှိ လုပ်ငန်းငယ်များ၊ မိသားစု တစ်ပိုင်တစ်နိုင် လုပ်ငန်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ" ဟု ဖော်ပြထားသည်။ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံးရှိ အလုပ်သမား ၁၀ နှင့်အထက် ရှိသည့် လုပ်ငန်းများအားလုံးသည် ၂၀၁၈ ခုနှစ်၊ မေလ (၁၄) ရက်နေ့မှ စတင်၍ အလုပ်သမားတစ်ဦးအား အနည်းဆုံး အလုပ်ချိန် ၈ နာရီ (တစ်ရက်) အတွက် ၄၈၀၀ ကျပ် ပေးရမည် ဖြစ်သည်။

## Buyers' Forum ကျင်းပ




Myanmar Buyers' Forum ကို ၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက်နေ့၊ စီဒိုးနား ဟိုတယ် (ရန်ကုန်) တွင် ကျင်းပခဲ့သည်။ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်း ဥက္ကဌ၊ ဒုဥက္ကဌ၊ အထွေထွေအတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ဆိုင်ရာ ဥရောပ သမဂ္ဂ သံအမတ် Mr. Kristian Schmidt ၊ နာမည်ကြီး ကုန်အမှတ်တံဆိတ်ကိုယ်စားလှယ်များ နှင့် အခြား ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ဌာနများမှ ဂုဏ်သရေရှိ လူကြီးလူကောင်းများ၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ လက်လီရောင်းချရေး နာမည်ကြီး ကုန်အမှတ်တံဆိတ်ကိုယ်စားလှယ်များနှင့် လုပ်ငန်းရှင်များ တွေ့ဆုံခွင့်ရစေရန် ရည်ရွယ်ကျင်းပ ရခြင်းဖြစ်ကြောင်း ဖိုရမ်ကို အဓိကတာဝန်ယူကျင်းပသည့် Smart Myanmar အဖွဲ့ခေါင်းဆောင် Mr. Jacob Clere က ပြောခဲ့သည်။ အခန်းအနားကို Smart Myanmar က ၎င်း၏ လုပ်ဖော်ကိုင်ဖက်များဖြစ်သော MGMA, AVE, BIF တို့နှင့် ပူးပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်သည်။ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဥရောပသမဂ္ဂ သံအမတ် Mr. Kristian Schmidt က အဖွင့်အမှာစကားပြောခဲ့ပြီး MGMA ဥက္ကဌ ဦးမြင့်စိုးက အထည်ချုပ်လုပ်ငန်းကဏ္ဍ အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ ဥရောပသမဂ္ဂ သံအမတ် Mr. Kristian Schmidt က ၂၀၁၇ ခုနှစ်အတွင်း ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံမှ အထည်အလိပ်တင်သွင်းမှု တန်ဖိုးသည် ၁.၁ ဘီလီယံ ရှိခဲ့ပြီး ၂၀၁၆-၁၇ ဘဏ္ဍာနှစ်ကထက် ၆၂ ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့သည်ဟု အဖွင့်အမှာစကားတွင် ထည့်သွင်းပြောခဲ့သည်။

## Fully Online License System အတွက် ဝန်ထမ်းသစ်ထပ်မံခန့်

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အသင်းဝင်အားလုံးသည် ၂၀၁၈ ခုနှစ်၊ မေလ ၅ ရက်နေ့မှစ၍ Fully Online License System ကို အသုံးပြုခဲ့သည်။ စနစ်စတင်အသုံးပြုချိန်တွင် လိုင်စင်လျှောက်ထားမှု အရေအတွက် အလွန်များခြင်းနှင့် မမျှော်လင့်သော အခြားအခက်အခဲများကြောင့် အဆင်မပြေမှုများ များစွာဖြစ်ခဲ့သည်။ ထို့ကြောင့် MGMA အနေဖြင့် လိုင်စင်လျှောက်ထားခြင်း၊ စစ်ဆေးထောက်ခံခြင်း လုပ်ငန်းများ ပိုမိုမြန်ဆန်စေရန် ဝန်ထမ်းအင်အား ထပ်မံဖြည့်တင်းထားပါသည်။ ထို့ပြင် အသင်းဝင်စက်ရုံအားလုံးကို စနစ်အသုံးပြုမှုသင်တန်း အခမဲ့ပေးခဲ့ပြီး ဖြစ်သော် လည်း ကောင်းမွန်စွာ အသုံးမပြုနိုင်သေးသူများ ရှိနေဆဲဖြစ်သဖြင့် MGMA က ယင်းစနစ်အသုံးပြုမှုသင်တန်းကို စက်ရုံ တစ်ရုံ ချင်းစီအလိုက် အခကြေးငွေဖြင့် ပို့ချပေးရန် စီစဉ်ထားပါသည်။ သင်တန်းကိစ္စသိလိုလျှင် MGMA ၏ Hot Line ဖုန်းနံပါတ် +95 9 443399441 နှင့် +95 9 443399442 တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

PRIORITY

## တစ်ရက် (၈ နာရီ) ၄၈၀၀ ကျပ်နှင့် အချိန်ပိုနှုန်းထား

အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် အနည်းဆုံး အခကြေးငွေနှုန်းထား ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၈) ကို ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း စက်ရုံများတွင် အချိန်ပိုလုပ်ခနှုန်းထား အငြင်းပွားမှုများ ပေါ်ပေါက်လာသည်။ နေပြည်တော်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန ရုံးချုပ်ကထုတ်ပြန်သည့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၅) ရက် ရက်စွဲပါ စာအမှတ် - ၆၆၈/၅/အလရ-ဥပဒေ ၂/၂၀၁၅(၄၈၈၁) ၏ လမ်းညွှန်ချက်အရ တစ်နာရီ အချိန်ပိုလုပ်ခကို အခြေခံလစာအပေါ် အခြေခံ၍ ၂ ဆ တွက်ချက်ပေးရန် ဖြစ်ပါသည်။

## ပိတ်ဆို့ ဆန္ဒပြခြင်း

ရန်ကုန်မြို့၊ Jasmine Palace ဟိုတယ်တွင် မေလ ၁၉ ရက်နေ့က နိုင်ငံခြားသားစက်ရုံလုပ်ငန်းရှင် ၂၀ ဦးခန့်တက်ရောက်သည့် သတင်းစာရှင်းလင်းပွဲတစ်ခု ကျင်းပခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားသား စက်ရုံလုပ်ငန်းရှင်များက စက်မှုဇုံအချို့၌ ဖြစ်ပေါ်နေသည့် ဆန္ဒပြမှုများတွင် အလုပ်သမားသမဂ္ဂအချို့၏ လှုံ့ဆော်မှုများပါဝင်နေပြီး အဆိုပါ ဖြစ်စဉ်များကြောင့် ဆက်လက် ဆောင်ရွက်ရန် အခက်အခဲရှိနေကြောင်း ပြောဆိုခဲ့ကြသည်။ အလုပ်သမားများ၏ တောင်းဆိုချက်အချို့မှာ တခြားဘယ်နိုင်ငံက စက်ရုံတွေကမှ မပေးတဲ့အချက်တွေဖြစ်တဲ့ "အလုပ်သမားများကို အမိန့်ပေးမညွှန်ကြားရဘူး"၊ "အလုပ်မလုပ်လည်း လုပ်ခပေး ရမယ်" စတဲ့ အချက်တွေပါနေကြောင်း ရွှေလင်ဗန်း စက်မှုဇုန်တွင် အမေရိကန်အခြေစိုက် Wise Pearl ကျောပိုးအိတ်စက်ရုံကို တည်ထောင်လုပ်ကိုင်နေသည့် နိုင်ငံခြားသား စက်ရုံလုပ်ငန်းရှင် မစ္စတာရွှန် က ပြောခဲ့သည်။ ကမ္ဘာ့ဒီးယား၏ အထည်ချုပ် ဈေးကွက် ကျဆင်းနေချိန်တွင် မြန်မာနိုင်ငံက လုပ်ကိုင်ရန်အကောင်းဆုံး အနေအထားတွင် ရှိနေခဲ့သော်လည်း လုပ်ငန်းခွင် မတည်ငြိမ်မှုတွေက စဉ်းစားရမည့်အချက်ဖြစ်လာကြောင်း အာဆီယံနိုင်ငံအချို့၌ အထည်ချုပ်စက်ရုံဖွင့်လှစ်လုပ်ကိုင်နေသည့် စင်ကာပူနိုင်ငံသား မစ္စတာထန် က ပြောခဲ့သည်။ ယင်းသတင်းကို 7DayDaily သတင်းဂျာနယ်က မေလ ၂၀ ရက်တွင် ဖော်ပြခဲ့သည်။ http://www.7daydaily.com/story/126961 တွင် ဖတ်ရှုနိုင်သည်။

၂၀၁၇ ခုနှစ်၊ နှစ်ကုန်ပိုင်းမှစ၍ တဖန်ပြန်လည်ဖြစ်ပေါ်လာသော ဥပဒေနှင့်မညီသည့် အလုပ်သမားပိတ်ဆို့ဆန္ဒပြမှုများသည် ယခုနှစ် မေလအတွင်း အနည်းဆုံးအခကြေးငွေနှုန်းထား သတ်မှတ်ချက် အမိန့်ကြော်ငြာစာ မထွက်ခင်နှင့် ထွက်ပြီးနောက်ပိုင်း အချိန်များတွင် ပို၍များလာခဲ့သည်။ အများစုသည် လုပ်ခ အခကြေးငွေ ညှိနှိုင်းခြင်း မပြေလည်၍ ဖြစ်ပေါ်သည့် ဆန္ဒပြပွဲများ ဖြစ်သည်ကို တွေ့ရသည်။ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ခံယူခြင်းမပြုဘဲ သပိတ်မှောက် ဆန္ဒပြကြခြင်းဖြစ်သည်။ ထို့ပြင် စက်ရုံဂိတ် ပေါက်ကို ပိတ်ဆို့မှုများ၊ ကုန်ချောများထွက်ခွင့်မပေးခြင်းများ၊ စက်ရုံပိုင်နက်ဝန်းအတွင်း နေ့ည ၂၄ နာရီ ဝင်ရောက်နေထိုင်ခြင်း များပါ ပြုလုပ်ကြသည်ကို တွေ့ရသည်။

၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေ ပုဒ်မ (၄၀) တွင် "မည်သူမျှ အငြင်းပွားမှုတစ်ခုနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ဆွေးနွေးညှိနှိုင်းခြင်း၊ ဖျန်ဖြေခြင်းနှင့် ခုံသမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို ခံယူခြင်းမပြုဘဲ အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်း မပြုရ" ဟု ပြဋ္ဌာန်းထားသည်။ ယင်းတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄ ခုနှစ်) အရ ငွေဒဏ် အနည်းဆုံး ကျပ် ၅ သိန်း ပြစ်ဒဏ် ချမှတ်ခံရမည် ဖြစ်သည်။

ထို့ကြောင့် မိမိ၏ စက်ရုံတွင် ရုတ်တရက် ပိတ်ဆို့ ဆန္ဒပြမှုများဖြစ်ပေါ်လျှင် တရားစွဲဆိုနိုင်ရန်အတွက် အထောက်အထားများ ရနိုင်သမျှ ယူရန် လိုအပ်ပါသည်။ ထို့ပြင် အထက်ဖော်ပြပါ ဥပဒေ ပုဒ်မဖြင့် တရားစွဲဆို အရေးယူပေးရန် တရားရုံးသို့ ဦးတိုက် လျှောက်ထားမည်ဆိုပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၄ ခုနှစ်) ပုဒ်မ ၅၄(က) အရ ခုံသမာဓိကောင်စီ၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်ဖြစ်သည်။

## UPCOMING

| Description | Date | Place |
|---|---|---|
| 1. HR Manager Development Training, funded by AVE<br>Factory Training<br>HR Management Improvement in Problem Solving - with focus on "Reducing Turnover and Absenteeism". The course is specially designed to improve social compliance standards, as well as problem solving skills and productivity in your factory. The On-site Factory Training will be individually scheduled between the participants and MCY trainer within a period of 3 weeks after the workshops. | June, July 2018<br>Aug, Oct 2018 | UMFCCI<br>on-site |
| 2. Kick-off meeting for new EC board and training for active EC committee chairs, funded by AVE<br>Kick Off Seminar for MGMA Executive Board will be in Lotte Hotel, Yangon with three days consecutively form 8th – 10th June 2018. The seminar aims to "integrate" the recently appointed EC Board members and recap the mission, vision and targets of MGMA. Furthermore, to build capacity within the MGMA Executives and Management Board in terms of organizational management and setting-up of committees, in order to provide the garment industry to develop. | 8-10 June 2018 | Lotte Hotel |

## NEW MEMBERS IN APRIL 2018

| Number of New Factories in May 2018 | | 3 |
|---|---|---|
| **Country** | **No. of Factories** | **No. of Workers** |
| Chinese | 3 | Unknown |
| | | |
| **TOTAL** | 3 | Unknown |

## MEMBERSHIP UPDATE AS OF 2018-05-03

| Status | Country | No. of Factories | No. of Workers |
|---|---|---|---|
| Active | Myanmar | 199 | 58546 |
| | Chinese | 182 | 154560 |
| | Korea | 55 | 89083 |
| | Japan | 19 | 15754 |
| | Others | 59 | 57511 |
| Inactive | All | 54 | |
| TOTAL | | 568 | 375454 |